# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ၁၆ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၄ - ၁၀ - ၂၀၁၄ ]
# ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၆ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **ပဲခူးမြို့နယ်၊ ဘုရားငုတ္တိုကျေးရွာအုပ်စု၊ ထုံးကြီးကျေးရွာအုပ်စု၊ မှော်လုံကျေးရွာအုပ်စုနှင့် ကမ်းနီကျေးရွာအုပ်စုများရှိ လယ်မြေဧက(၂၀၀၀)ကျော်အား ရေကြီးနစ်မြုပ်မှု ကာကွယ်ရန် ကျားကြီးရိုးချောင်းအား ပြန်လည်တူးဖော် ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **၁၉၇၄ မှ ၁၉၈၆ ခုနှစ် အထိသက်တမ်း(၃)ကြိမ်တွင် အရွေးချယ်ခံကျေးရွာအုပ်စုနှင့် ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ၏ ပင်စင် ခံစားခွင့်ရှိသူများ လျှောက်ထားသော်လည်း ယနေ့တိုင်ရရှိရန် ခက်ခဲနေမှု အပေါ် ကွင်းဆင်းဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **တနင်္သာရီမြို့၊ ဗောဓိကမ်းကျေးရွာနှင့်ညောင်ပင်ကွင်း ကျေးရွာချင်းဆက် အန္တရာယ်ရှိလမ်းနှင့် တံတားအား အမြန်ဆုံး ပြုပြင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်း (ကချင်ပြည်နယ်အပိုင်း) ကတ္တရာလမ်းခင်းရန် ကျန်ရှိသည့် လမ်းမိုင်(၂၂၂/၇ မှ ၂၃၂/၀)အထိ ၉ မိုင် ၁ ဖာလုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အပြီးခင်းနိုင်ရန် ပြည်ထောင်စုငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေမှ ခွင့်ပြုပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့မြို့နယ်၊ ဒဂုံတောင်မြို့နယ်နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ နိုင်ငံ့ဝန်ထမ်းများအား ချထားပေးခဲ့သည့် အိမ်ခြံမြေကွက်များတွင် အဆောက်အအုံများ ဆောက်လုပ်နေထိုင်နိုင်ရန် နိုင်ငံတော်မှ ဆောင်ရွက်ပေးမည့် အစီအစဉ်နှင့် စတင်ဆောင်ရွက်ပေးမည့် ကာလတို့ကိုသိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၀။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကိုဖတ်ကြား တင်သွင်းခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၂။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၁၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၄။ ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ပြည်တွင်းငြိမ်းချမ်းရေး ရရှိလာသည်နှင့် ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၅။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၆ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၁၇ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။